# ရဟန်းသံဃာတော်များနှင့် ဗုဒ္ဓဂယာဘုရားဖူးခရီးသည်များ၏ မြန်မာနိုင်ငံကူးလက်မှတ်များ လျှောက်ထားထုတ်ယူခွင့်ရရှိရေးကိစ္စနှင့်ပတ်သက်၍ အများပြည်သူသိရှိနိုင်စေရန် ဖော်ပြခြင်း

ရဟန်းသံဃာတော်များ၊ သီလရှင်များနှင့် သာသနာပြုပုဂ္ဂိုလ်များ၏ နိုင်ငံကူးလက်မှတ်ပြုလုပ်နိုင်ရေးနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် ညှိနှိုင်းအကြောင်းကြားလာသည့်အချက်များအနက် အောက်ဖော်ပြပါအချက်(၇)ချက်အား စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်-

(က) ရဟန်းသံဃာတော်များ၊ သီလရှင်များ၏ ဘွဲ့အမည်၊

(ခ) သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊

(ဂ) သာသနာဝင်ကတ်ပြားအမှတ်၊

(ဃ) သက်တော်/ ဝါတော်၊

(င) ခမည်းတော်၏အမည်၊

(စ) ရရှိထားသည့်ဘွဲ့(ပညာအရည်အချင်း)၊

(ဆ) သီတင်းသုံးနေထိုင်သည့် ကျောင်းတိုက်၏နေရပ်လိပ်စာ။

ယခုအခါ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ ညွှန်ကြားချက်အရ မြန်မာနိုင်ငံကူးလက်မှတ်များ လျှောက်ထားထုတ်ယူခွင့်ရရှိရေးကိစ္စနှင့်ပတ်သက်၍ အထက်ပါအချက်(၇)ချက်အပြင် ရဟန်းသံဃာတော်များနှင့် ဗုဒ္ဓဂယာဘုရားဖူးခရီးသည်များ၏ မြန်မာနိုင်ငံကူးလက်မှတ်များကို အောက်ဖော်ပြပါအတိုင်း လျှောက်ထားထုတ်ယူခွင့်ရရှိရေး အများပြည်သူသိရှိနိုင်စေရန် ဖော်ပြအပ်ပါသည်-

(၁) **ရဟန်းသံဃာတော်များ မြန်မာနိုင်ငံကူးလက်မှတ်များ လျှောက်ထားထုတ်ယူခွင့်ရရှိရေး ကိစ္စ**

(က) ရဟန်းသံဃာများနှင့်ပတ်သက်၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညှိနှိုင်းထားသည့် အချက်(၇)ချက်သာမက ဆေးကုသမှုခံယူရန်အတွက် ကြွရောက်ရာတွင် သက်ဆိုင်ရာဆေးရုံ၏ ထောက်ခံချက်၊ ဆေးမှတ်တမ်း စသည့်အချက်အလက်များ ပါရှိရန် လိုအပ်ကြောင်း၊

(ခ) ပညာသင်ကြားရန်အတွက် ကြွရောက်ရာတွင် သက်ဆိုင်ရာတက္ကသိုလ်၏ ဝင်ခွင့်အထောက်အထားပါရှိရန် လိုအပ်ကြောင်း၊

(ဂ) ဘာသာရေးအခမ်းအနားများနှင့် အလှူပွဲများသို့ ကြွရောက်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်း/ ပုဂ္ဂိုလ်တို့၏ ပင့်လျှောက်လွှာပါရှိရန် လိုအပ်ကြောင်း၊

(ဃ) ကြွရောက်လိုသည့် အကြောင်းအရာအလိုက် လိုအပ်သည့်အထောက်အထားများ ပါရှိပါက အရေးကြီး/ အရေးပေါ်ကိစ္စရပ်အဖြစ် Green Channel ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

(၂) ဗုဒ္ဓဂယာဘုရားဖူးခရီးသည်များ၏ မြန်မာနိုင်ငံကူးလက်မှတ်များ လျှောက်ထားထုတ်ယူခွင့်ရရှိရေးကိစ္စ

(က) ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ အမှတ်စဉ်(၁)မှ (၅)ထိ မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေး ခဲ့ပြီးဖြစ်ကြောင်း၊ ဘုရားဖူးအဖွဲ့အမှတ်စဉ်(၆)မှစပြီး မြန်မာနိုင်ငံကူးလက်မှတ်များတွင် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံ ၂ နိုင်ငံ(Only) တံဆိပ်တုံး ရိုက်နှိပ်၍ ခွင့်ပြုပေးနိုင်ရေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနတို့နှင့်ညှိနှိုင်းပြီး တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

(ခ) နောက်ပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ဗုဒ္ဓဂယာဘုရားဖူးစေလွှတ်ရေးကြီးကြပ်မှုကော်မတီမှ စိစစ်ပြီး အမြဲတမ်းအတွင်းဝန်လက်မှတ်ရေးထိုး၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ဥက္ကဋ္ဌထံ ပေးပို့လျှောက်ထားလာသော မြန်မာနိုင်ငံကူးလက်မှတ်များကို အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံ ၂ နိုင်ငံ(Only) တံဆိပ်တုံး ရိုက်နှိပ်၍ သက်တမ်း ၅ နှစ်ဖြင့် ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန